ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်

Yangon Protestant Reformed Church

တနင်္ဂနွေစာစောင်၊ နံပတ် (၁၀၉)

နေ့စွဲ – ၂၇. ၅. ၂၀၁၂

## ခရစ်တော်ပြန်လာခြင်းအကြောင်း (Christ's Return)

ခရစ်တော်၏လာခြင်းတွင် ခြားနားသောရှုထောင့်မျိုးစုံရှိပါသည်ဟု ပြောခဲ့ကြပြီးဖြစ်သည်။ ၎င်းတို့တွင် သူ၏ဖွားမြင်ခြင်းဖြင့်လာခြင်း၊ ဝိညာဉ်တော်၏လက်ဆောင်များပေးခြင်းဖြင့်လာခြင်း၊ ဧဝံဂေလိတရားဟောခြင်းဖြင့်လာခြင်း၊ ကျွန်ုပ်တော်တို့သေဆုံးချိန်တွင် လာခြင်းတို့ ပါဝင်ကြပါသည်။ ထိုအရာအားလုံးသည် ကယ်တင်ခြင်းအတွက်နှင့်တရားစီရင်ရန်အတွက် လာသည့် ခရစ်တော် ၏ တခုတည်းသောလာခြင်းကို ရှုထောင့်မျိုးစုံဖြင့်နားလည်ခြင်းသာဖြစ်သည်ကို ကျွန်တော်တို့ပြောခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ပြောသောကြောင့် ကမ္ဘာ၏အဆုံးသတ်တွင်လာမည့် ခရစ်တော်၏ပြန်လာခြင်းကို အထူးပြု၍သီးသန့်ပြောခြင်းမျိုး မဖြစ်နိုင်ပါဟု ဆိုလိုခြင်းမဟုတ်ပါ။ ၎င်းကို ခရစ်တော်၏ဒုတိယအကြိမ်လာခြင်း (သို့) နောက်ဆုံးလာခြင်းဟု ခေါ်တတ်ကြပါသည်။ ထိုနောက်ဆုံးလာခြင်းသည် သမိုင်းတလျှောက်ဖြစ်ပျက်ခဲ့သည့် ကြီးကျယ်သောအကြောင်းအရာများထဲမှတခု ဖြစ်ပါလိမ့်မည်။ သူ၏ဖွားမြင်ခြင်း၊ လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းတို့ကဲ့သို့သော ကြီးကျယ်လှသည့်အဖြစ်အပျက်ဖြစ်ပါမည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းလာခြင်းက ကမ္ဘာ့သမိုင်းကြီးကိုအဆုံးသတ်စေမည်ဖြစ်သောကြောင့်ဖြစ်သည်။ ယနေ့ကျွန်တော်တို့သိနေသောအကြောင်းအရာ၊ အရာဝတ္ထုများအားလုံး၏ အဆုံးသတ်နိဂုံးဖြစ်ပါမည်။

ထိုလာခြင်းသည် ရှုထောင့်မျိုးစုံမှနေ၍ ထူးခြားလှပါမည်။ ကျွန်တော်တို့၏ မျှော်လင့်ခြင်းများအားလုံးအပေါ် သက်ရောက်ပါသည်၊

ခရစ်တော်၏နောက်ဆုံးပြန်လာခြင်းသည် ကိုယ်တိုင်ကိုယ်ကျဖြစ်ပါမည် (မဿဲ ၂၄း၃၀၊ ၁သက် ၄း၁၆)။ ဝိညာဉ်တော်ဖြင့်လာခြင်းမျိုးမဟုတ်၊ သူ၏ကိုယ်စားလှယ်ဖြစ်သူ သင်းအုပ်ဆရာ၏ဟောပြောချက်ဖြင့် လာခြင်းမျိုးမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ပြန်လာပါမည်။ မျက်လုံးတိုင်းက သူ့ကို မြင်ရပါမည် (ဗျာ ၁း၇)။ သူ့အားဖြင့် ဘုရားသခင့်အဖြစ်တော်အလုံးစုံကို ကိုယ်ခန္ဓာ၌ အပြည့်အဝပေါ်ပြမည်ဖြစ်သည် (ကောလောသဲ ၂း၉)။ ဘုရားသခင်၏ကိုယ်စားလှယ်အနေနှင့် ခရစ်တော်သည် တကမ္ဘာလုံးကို ဖြောင့်မတ်ခြင်းနှင့်တရားစီရင်မည်ဖြစ်သည် (တမန် ၁၇း၃၁)။ ထို့အပြင် သူ့လူများကို ထာဝရဘုန်းကျက်သရေသို့ လက်ခံမည်ဖြစ်သည်။ ထိုကိုယ်တိုင်ကိုယ်ကျပြန်လာခြင်းသည် ကျွန်တော်တို့မျှော်လင့်ခြင်း၏ အဓိကထားသောအချက်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့သည် သူ့ကိုသာ မြင်ချင်၍ မျှော်နေကြခြင်းဖြစ်ပါသည်။

ခရစ်တော်၏နောက်ဆုံးပြန်လာခြင်းသည် မြင်ရမည်ဖြစ်သည် (တမန် ၁း၁၁)။ အမှန်ပြောရလျှင် သူ၏နောက်ဆုံးပြန်လာခြင်းကို လူတိုင်းကမြင်ရပါမည်၊ သူ့ကိုထိုးသတ်သူများပင်မြင်ရပါမည် (ဗျာ ၁း၇)။ ကျမ်းစာက သူ၏နောက်ဆုံးပြန်လာခြင်းကို "ခရစ်တော်၏ဖွင့်ပြခြင်း" (သို့) "ခရစ်တော်ပေါ်ထွက်လာခြင်း"ဟုဖော်ပြပါသည် (၂သက် ၁း၇၊ ၁တိ ၆း၁၄၊ ၁ပေ ၁း၇)။ သခင်ယေရှုသည် ကျွန်တော်တို့ထံ မြင်နိုင်သောအဖြစ်နှင့်လာရပါမည်၊ အဘယ့်ကြောင့်ဆိုသော် သူမပါလျှင် ကျွန်တော်တို့ ဘုရားသခင့်ရှေ့တွင် စိတ်ချလက်ချ မရပ်ရဲကြ၍ ဖြစ်ပါသည်။ ထို့အတူ သူသည် ကမ္ဘာလောကကြီးရှေ့မှောက်၌လည်း လက်ဝါးကပ်တိုင်တွင် အသေခံခဲ့သူအဖြစ် မြင်နိုင်သောအဖြစ်နှင့်လာရပါမည်။ ထို့ကြောင့် ကျမ်းစာက ဤနောက်ဆုံးပေါ်ထွက်လာခြင်းကို ခရစ်တော်၏ဒုတိယအကြိမ်ပြန်လာခြင်းဟု ပြောခြင်းဖြစ်သည် (ဟေဗြဲ ၉း၂၈)၊ သခင်ယေရှု၏လာခြင်းတွင် အခြားသောရှုထောင့်များမရှိ၍ မဟုတ်ပါ၊ အဘယ့်ဆိုသော် ဗက်လင်မြို့တွင် ကလေးငယ်ကလေးအဖြစ်လာခြင်း၊ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာခြင်း ထိုနေရာများ၌သာ ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရသောအခြေအနေနှင့် လာသောကြောင့်ဖြစ်ပါသည်။

နောက်ဆုံးအနေနှင့်၊ ခရစ်တော် အရာခပ်သိမ်း၏အဆုံးသတ်တွင်လာခြင်းသည် တန်ခိုးဩဏာနှင့်ဘုန်းကျက်သရေအပြည့်နှင့် ဖြစ်ပါမည် (မဿဲ ၂၄း၃၀၊ ၂၅း၃၁)။ သူ၏ဒုတိယလာခြင်းသည် ပထမလာခြင်းနှင့်ကွာပါသည်၊ အဘယ့်ကြောင့်ဆိုသော် ပထမလာခြင်းသည် အစေခံကျွန်ပုံစံနှင့်ဖြစ်သည်၊ အပြစ်နှင့်ပြည့်သောအသွေးအသားပုံစံဖြင့်ဖြစ်သည်(ရောမ ၈း၃၊ ဖိ ၂း၇)။ နောက်ဆုံးလာခြင်းတွင်မူ သူ့ခမည်းတော်၏ဘုန်းကျက်သရေနှင့်ဖြစ်ပါမည် (မဿဲ ၁၆း၂၇)။ အာရာခပ်သိမ်း၏အဆုံးသတ်တွင် ပြန်လာမည့်တန်ခိုးနှင့်ဘုန်းကျက်သရေနှင့်ပြန်လာခြင်းသည် ဘုရားတရားမဲ့သူတို့အတွက် ကြောက်ရွံ့ထိပ်လန့်စရာဖြစ်ပါမည် (ဗျာ ၁း၇၊ ၆း၁၅–၁၇)။ သို့သော် သူ့လူများအတွက်မူ လိုချင်စရာ၊ သဘောကျစရာဖြစ်ပါသည် (ဗျာ ၁း၃၊ ၂၂း၂၀)။

ခရစ်တော်ပြန်လာမည့် နေ့နှင့်နာရီကိုမူ ကျွန်တော်တို့ မသိနိုင်ကြပါ (လနှင့်နှစ်လည်းမသိနိုင်ပါ)။ သိဖို့လည်းမကောင်းပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့သိနေလျှင်၊ ကျွန်တော်တို့သည် နမော်နမဲ့ဖြစ်လျှင်ဖြစ်၊ မဖြစ်ပါက၊ လောကကြီးကဲ့သို့ဖြစ်၊ မဟုတ်ပါ ကမျှော်လင့်ခြင်းတို့လည်းမဲ့ ဖြစ်လာနိုင်ပါသည်။ မသိကြသောအခါ၊ ကျွန်တော်တို့သည် စောင့်ကြည့်နေကြသည်၊ ဆုတောင်းကြ သည်၊ နိုးနိုးကြားကြားရှိကြပါသည်၊ သန့်ရှင်းခြင်းနှင့်ဘုရားတရားကြောက်ရွံ့ရှိသေခြင်းထဲတွင် ဆက်လက်နေနိုင်ကြပါသည် (မဿဲ ၂၄း၄၂–၅၁၊ ၁သက် ၅း၁–၈၊ ၂ပေ၃း၁၀–၁၂)။ ထိုသို့ဖြစ်သော်လည်း သူ ပြန်ကိုပြန်လာလိမ့်မည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါ သည်၊ အဘယ့်ကြောင့်ဆိုသော် သူက ကတိပေးထား၍ဖြစ်ပါသည်။ ကျွန်တော်တို့အသက်ရှင်နေချိန်တွင် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရ လျှက်ပြန်မလာခဲ့လျှင်လည်း၊ ကျွန်တော်တို့သည် သူ၏အသံကို ဧဝံဂေလိဟောခြင်းမှ ကြားရပါမည်၊ ကြားလျှက် သူ့နောက်လိုက်ကြ ပါမည် (ယော ၁၀း၂၇)၊ ထို့အပြင် သူသည် ကျွန်တော်တို့ထံ ဝိညာဉ်တော်ဖြင့် နှစ်သိမ့်ပေးသူအဖြစ်လည်း လာမည်ဖြစ်ပါသည်၊ ထို့နောက် ကျွန်တော်တို့သေဆုံးချိန်တွင် သူကိုယ်တိုင် ကျွန်တော်တို့ကို သူ့ထံသို့ လာခေါ်ပါမည် (ယော ၁၄း၃)။

## နောက်ဆုံးတခါတည်းသာခရစ်တော်ပြန်လာမည့်အကြောင်း

(One Final Coming of Christ)

ကမ္ဘာကြီး၏အဆုံးတွင် သခင်ယေရှုခရစ်တော် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် တကြိမ်မကပြန်လာမည်ဟု ယုံသောအဖွဲ့များ ရှိနေပါသည်။ ပရီမေးလ်အဖွဲ့များနှင့်ဒစ်စပင်ဆေးရှင်းအဖွဲ့များအားလုံး(သခင်ယေရှုပြန်လာပြီးမှ နှစ်တထောင်အုပ်စိုးခြင်း စမည်ဟုယုံကြည်သူများ)က ကျမ်းစာနှင့်ဆန့်ကျင်လျှက်၊ ခရစ်တော်သည် အကြိမ်မြောက်များစွာပြန်လာမည်ဟု သင်ကြပါသည်။ ဤအကြောင်းကို နောက်ပိုင်းတွင် ပို၍အသေးစိတ်ပြောပြပါမည်။

ပရီမေးလ်ဝါဒီများက၊ ခရစ်တော်သည် နှစ်တထောင်အုပ်စိုးခြင်းမတိုင်မီပြန်လာမည်၊ ထိုနှစ်တထောင်အုပ်စိုးခြင်းသည် ကမ္ဘာကြီးဆုံးမသတ်ခင်ဖြစ်မည်ဟု သင်ကြသည်။ ထိုပြန်လာခြင်းကို သူတို့က "ချီဆောင်သိမ်းစည်းခြင်း(ရက်ပ်ချာ = rapture)"ဟု ခေါ်ကြသည်။ ထိုချီဆောင်ခြင်းသည် နှစ်တထောင်မစမီဖြစ်မည်ဟု ပြောကြသည်။ ထိုနှစ်တထောင်ကုန်သော် နောက်တခါ ခရစ်တော်သည် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် ပြန်လာဦးမည်၊ တရားစီရင်ရန်ပြန်လာခြင်းဖြစ်မည်ဟု ပြောကြပြန်သည်။ ထို့နောက်မှ ခရစ်တော်က ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ဖန်ဆင်းမည်။

ဒစ်စပင်ဆေးရှင်းဝါဒီများက ချီဆောင်သိမ်းစည်းခြင်းကို ယုံကြသည်၊ ထို့အပြင် ခရစ်တော်၏ တတိယအကြိမ် ကိုယ်တိုင်ကိုယ်ကျ၊ မြင်ရလျှက် ပြန်လာခြင်းကိုလည်း ယုံကြည်ကြသည်၊ ၎င်းကို "ဖွင့်ပြချက်"(revelation)ဟုခေါ်ကြသည်။ သူတို့က ထိုပြန်လာခြင်းသည် သူ၏သန့်ရှင်းသူတို့နှင့်အတူဖြစ်သည်ဟုပြောကြသည်။ ထိုအချက်ကိုသက်သေပြသည့်အနေနှင့် ဒစ်စပင်ဆေးရှင်းဝါဒီများက သက်သာလောနိတ်ဩဝါဒစာ ပထမဆောင် ၃း၁၃ နှင့် ယုဒဩဝါဒစာ ၁၄ ကို သုံးကြပါသည်။ ထိုသွန်သင်ခြင်းက ထိုသို့ခရစ်တော်လာသောအခါ သူသည် နိုင်ငံတော်တခုကို ယေရှုရှလင်မြို့တွင် ဂျူးတို့နှင့်တည်ထောင်မည်ဟုပြောပါသည်။

ကျမ်းစာက ခရစ်တော်သည် လူသားဇာတိခံယူလျှက်လာပြီးသောအခါ၊ နောက်ထပ်တကြိမ်သာ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည်ဟု ပြောပါသည်။ ပရီမေးလ်ဝါဒီများ၏ "ချီဆောင်သိမ်းစည်းခြင်း"နှင့် ဒစ်စပင်ဆေးရှင်းဝါဒီတို့၏"ဖွင့်ပြချက်"အယူအဆတို့ကို သက်သေပြရန်သုံးသော ကျမ်းပိုဒ်တို့က ခရစ်တော်၏ ကမ္ဘာကြီး၏အဆုံးသတ်တွင် ပြန်လာမည့်အကြောင်းမှလွဲ၍ ဘာကိုမှ ပြောမပြကြပါ။

ယုဒဩဝါဒစာ ၁၄ နှင့် ၁၅ က ခရစ်တော် သန့်ရှင်းသူတို့နှင့်အတူပြန်လာခြင်းကိုပြောပြပါသည်၊ သို့သော် ထိုသို့ပြန်လာခြင်းသည် ကမ္ဘာကြီး၏အဆုံးသတ်တွင် တရားစီရင်ရန်အတွက်ဖြစ်သည်။ "ထာဝရဘုရားသည္ ခပ္သိမ္းေသာသူတို႔ကို တရားစီရင္ေတာ္မူ၍၊ မတရားေသာသူတို႔သည္ မတရားသျဖင့္ ျပဳေသာအမႈအမ်ိဳးမ်ိဳးတို႔၏အျပစ္ကို၎၊ မတရားေသာလူဆိုးတို႔သည္ ဘုရားသခင္ကို ျပစ္မွားလ်က္ ေျပာေသာ ၾကမ္းတမ္းေသာ စကားရွိသမွ် တို႔၏အျပစ္ကို၎ ေဖာ္ျပ၍ဆုံးမျခင္းငွါ၊ အတိုင္းမသိ မ်ားစြာေသာ မိမိသန္႔ရွင္းသူတို႔ႏွင့္တကြ ႂကြလာေတာ္မူလိမ့္မည္ဟု ပေရာဖက္ျပဳ၍ေဟာေျပာေလ၏"ဟုဖတ်ရပါသည်၊ ထို့ကြောင့် ချီဆောင်သိမ်းစည်းခြင်းမဟုတ်ပါ၊ တရားစီရင်ရန်ပြန်လာခြင်းဖြစ် သည်။ ထိုတရားစီရင်ခြင်းသည် ဖန်ဆင်းထားသောသတ္တဝါ၊ ဖန်ဆင်းခံအားလုံးကို နောက်ဆုံး၊ အဆုံးသတ်တရားစီရင်ခြင်းဖြစ် ကြောင်း အငယ် ၆ နှင့် ၇ အရထင်ရှားနေပါသည်၊ နှစ်ပိုဒ်စလုံးက "တရားစီရင်ခြင်းနေ့ရက်ကြီး"ဟုပြောပါသည်။ ထို့အပြင် သောဒုံ နှင့်ဂေါမောရမြို့နှစ်မြို့ မီးလောင်ခြင်းဖြင့် ပျက်စီးပုံသည် နောက်ဆုံးသောတရားစီရင်ခြင်းကို သေက်တနိမိတ်လက္ခဏာပြနေပါ သည်။ (၂ပေ ၂း၆ ကိုလည်း ကြည့်နိုင်ပါသည်)

ခရစ်တော် သန့်ရှင်းသူများနှင့်အတူပြန်လာသည့်အကြောင်း ပြောသည့်နေရာမှာ ၁သက် ၃း၁၃ ဖြစ်ပါသည်၊ ချီဆောင်သိမ်းစည်းခြင်းအတွက်သုံးသော တကယ့်ကျမ်းပိုဒ်မှာ ၁သက် ၄း၁၅–၁၈ ဖြစ်ပါသည်။ ၎င်းတို့ကလည်း ခပ်သိမ်းဆုံးသောအရာတို့၏ အဆုံးသတ်နိဂုံးအကြောင်းကိုသာပြောပြနေကြပါသည်။ ထိုကျမ်းပိုဒ်များတွင်ဖေါ်ပြသော ခရစ်တော်၏ပြန်လာပုံမှာ၊ ထရမ်းပက်မှုတ်သံနှင့်အတူဖြစ်သည်၊ ၎င်းကို အခြားနေရာ၌ "နောက်ဆုံးသောထရမ်းပက်မှုတ်ခြင်း"ဟုဖေါ်ပြပါသည် (၁ကော ၁၅း၅၂)။ ထို့ကြောင့် ၎င်းကို နှစ်ပေါင်းတထောင်က ဆက်မလိုက်ပါ၊ အဆုံးဖြစ်သည်။

ထို့အတူ ၁သက် ၃ နှင့် ၄ တို့က သခင်ဘုရား၏ပြန်လာခြင်းကိုပြောကြသည့်အခါ၊ သန့်ရှင်းသူများ၏ ခရစ်တော်နှင့်အတူ ထာဝရဘုန်းတော်ဝင်စားခြင်းက ဆက်လိုက်ပါသည်ဆိုခြင်းကို ရှင်းစွာသဘောပေါက်အောင် ရေးသားကြပါသည်။ "သခင္ဘုရားႏွင့္ အတူ အစဥ္ျပတ္(ထာဝရ)ေနရၾကလိမ့္မည္"ဟုပြောထားပါသည်၊ (၁သက် ၄း၁၇၊ ဗျာ ၂၁း၃၊ ၂၂း၄)။ ၁သက် ၃ နှင့် ၄ တွင်ဖေါ်ပြသော ခရစ်တော်၏ပြန်လာခြင်းကို နှစ်ပေါင်းတထောင်က ဆက်မလိုက်ပါ။

နောက်ဆုံးအနေနှင့် ချီဆောင်သိမ်းစည်းခြင်းနှင့်နောက်ဆုံးသောတရားစီရင်ခြင်းကို ဆက်စပ်ထားသော ကျမ်းပိုဒ်အများ ရှိပါသည်။ သို့သော် နောက်ဆုံးသောတရားစီရင်ခြင်းမတိုင်မီ နှစ်ပေါင်းတထောင်အဖြစ်အပျက်များရှိမည်ဟု ဆက်စပ်ပေးသောကျမ်းပိုဒ်များတော့ ရှိမနေပါ။ အထူးသဖြင့် လုကာ ၁၇း၂၈–၃၇ ကိုရည်ညွှန်းချင်ပါသည်။ ထိုကျမ်းပိုဒ်များက သောဒုံမြို့အကြောင်းပြောနေကြသည်၊ ယုဒ ၇ နှင့်ချိန်ထိုး၍ဖတ်လျှင်ကောင်းသည်၊ ၎င်းက ရှင်းနေအောင်ပြောသည်မှာ သောဒုံမြို့ပျက်ဆီးခြင်းသည် နောက်ဆုံးသောတရားစီရင်ခြင်းကို ပုံဆောင်နေသည့်အကြောင်းဖြစ်သည်၊ "ထာဝရတောက်လောင်သောမီး"ဖြစ်သည်၊ မဿ ၂၄း၃၇–၄၁ ကိုလည်းကြည့်နိုင်ပါသည်။

လာခြင်းတခုသာရှိပါသည်၊ ကယ်တင်ရန်အတွက်နှင့်တရားစီရင်ရန်အတွက် ဖြစ်ပါသည်။ မြန်မြန်ရောက်ပါစေ!

## ခရစ်တော်ပြန်လာခြင်းနိမိတ်လက္ခဏာများအကြောင်း (The Signs of Christ's Coming)

ကျမ်းစာကပြောသည်မှာ ခရစ်တော်၏လာခြင်းသည် အမြဲတမ်း နိမိတ်လက္ခဏာတို့နှင့်တွဲနေလေ့ရှိပါသည်ဟု ဖြစ်ပါသည်။ ထိုသို့ပင် အသွေးအသားဖြင့်လာချိန်ကလည်း ဖြစ်ပါသည် (လုကာ ၁း၁၈–၂၀၊ ၄၁–၄၅၊ ၂း၁၂)။ ထို့ကြောင့် သူပြန်လာချိန်လည်း ထိုသို့ပင်ဖြစ်ပါမည် (မဿဲ ၂၄း၃၊ ၃၀၊ လုကာ ၂၁း၁၁၊ ၂၅)။ ထိုနိမိတ်လက္ခဏာများသည် အရေးကြီးကြသည်၊ မှန်ကန်စွာနားလည်ဖို့အရေးကြီးပါသည်။

နိမိတ်လက္ခဏာများကို အုပ်စုလိုက်ခွဲ၍ပြောပြနိုင်ပါမည်။ ဖန်ဆင်းခြင်းထဲတွင်ဖြစ်သော နိမိတ်လက္ခဏာများ(မဿဲ ၂၄း၇၊ ၂၉)၊ သမိုင်းထဲတွင်ဖြစ်သော နိမိတ်လက္ခဏာများ (မဿဲ ၂၄း၆–၇)၊ အသင်းတော်ထဲ၌ဖြစ်သော နိမိတ်လက္ခဏာများ (ငယ် ၁၀–၁၆)။ အချို့သောနိမိတ်လက္ခဏာတို့သည် “ဝမ်းနည်းရခြင်း၏အစပျိုး”မျှသာဖြစ်သည်(ငယ် ၅–၈)၊ အချို့တို့မှာမူ အဆုံးသတ်အချိန်များကို ရှင်းလင်းစွာပြောပြကြသည်(ငယ် ၁၄–၁၆)၊ အချို့နိမိတ်လက္ခဏာများကမူ ခရစ်တော် ကိုယ်တိုင်ကိုယ်ကျပြန်လာသည့်အချိန်၌ ဖြစ်မည့်အရာများကိုပြောကြပါသည် (ငယ် ၂၉–၃၁)။

သခင်ယေရှုပြန်လာခြင်းဆိုသည် လုပသောကျမ်းစာ၏ အမှန်တရားနှင့်ပတ်သက်၍ ထိုအချက်များသည် နိမိတ်လက္ခဏာများအပေါ် ကျွန်တော်တို့ အထူးပြုပေါ်ပြချင်သောအကြောင်းများဖြစ်ကြပါသည်။ မှတ်ထားရမည်မှာ၊ ကျမ်းစာက သူ၏လာခြင်းသည် ဖြစ်ပျက်နေလျှက်ရှိပြီးသောအရာကဲ့သို့ ပေါ်ပြသည်ကိုဖြစ်သည်။ သူသည် လာလျှက်လမ်းတွင်ရှိနေပါပြီ။

ခရစ်တော်၏လာခြင်းနှင့်ပတ်သက်သည် နိမိတ်လက္ခဏာများသည် အဝေးပြေးလမ်းမပေါ်ရှိဆိုင်းဘုတ်များနှင့်မတူကြပါ၊ ထိုဆိုင်းဘုတ်များက ရှေ့တွင်ဘာရှိသည်ကို ညွှန်ပြသောအမှတ်လက္ခဏာများဖြစ်ကြပါသည်။ ခရစ်တော်၏လာခြင်းနှင့်ပတ်သက်သည့် နိမိတ်လက္ခဏာများသည် ရထားတစင်းလာနေခြင်းနှင့်သဏ္ဍာန်တူပါမည်။ ၎င်းရထား၏ ဆူးရှသော ဥသြသံ၊ ရထားသံလမ်းပေါ် ခုတ်မောင်းသံတို့သည် ရထားမရောက်ခင်ကပင် ကြိုရောက်လာကြပါသည်၊ ထိုအသံတို့ကိုကြားရသောအခါ၊ ရထားသည်လာနေပြီဖြစ်သည်ကို သိနိုင်ပါသည်။ ထိုသို့ပင် ခရစ်တော်လာခြင်းကိုပြောပြကြသော နိမိတ်လက္ခဏာများကဆောင်ရွက်ပေးကြပါသည်။

ထို့ကြောင့် ခရစ်တော်ပြန်လာခြင်း၏နိမိတ်လက္ခဏာများကို သူ၏ခြေသံများဖြစ်သည်ဟု ပြော၍ရပါမည်၊ သူလျှောက်လာသဖြင့် နီးလာသည့်အခါ ထွက်ပေါ်နေသောခြေသံများနှင့် တူညီပါသည်။ လူတဦး ကျွန်တော်တို့ဖက်သို့ဦးတည်လျှက် လမ်းလျှောက်လာသောအခါ၊ နီးလာလေ သူ၏ခြေသံကို ပို၍ကျယ်စွာကြားရလေနှင့်တူပါသည်။ ထိုသို့ပင် ခရစ်တော်၏ပြန်လာခြင်းကို ပြောပြသော နိမိတ်လက္ခဏာများသည်လည်း၊ သူ၏နောက်ဆုံးပေါ်လာခြင်းနှင့်နီးလေ ပို၍ရှင်းလင်းသဲကွဲစွာ ကြားရလေ၊ မြင်ရလေဖြစ်နေပါသည်။

ထိုအချက်သည် ဗျာဒိတ်ကျမ်းထဲပါသည့် အကြောင်းအရာများ တိုးတက်လာပုံအဓိပ္ပါယ်ဖြစ်သည်ဟု ကျွန်တော်တို့ယုံကြည်ကြပါသည်။ တံဆိပ်များ၊ ထရမ်းပက်မှုတ်ခြင်းများ(တံပိုးမှုတ်သံများဟု ယူဒသန်ကပြန်သည်)၊ ခွက်ယော်များ(ခွက်ဖလားများဟု ယူဒသန်ကပြန်သည်)၊ ၎င်းတို့၏ သက်ရောက်မှုများ ပို၍တိုးတက်လာခြင်းကို တွေ့နိုင်သည်၊ ပထမတွင် ကမ္ဘာကြီး၏ လေးပုံတပုံ(ဗျာ ၆း၈)၊ နောက်မ ကြာပါ ကမ္ဘာကြီး၏သုံးပုံတပုံသို့ ဖြစ်လာပါသည်(ဗျာ ၈း၇–၁၂)၊ နောက်ဆုံးတွင် တကမ္ဘာလုံးသို့သက်ရောက်ခြင်း ဖြစ်သွားပါသည် (ဗျာ ၁၆း၃၊ ၄၊ ၁၇)။ နောက်တမျိုးနှင့်ပြောရလျှက် ထို တံဆိပ်များ၊ ထရမ်းပက်မှုတ်ခြင်းများ၊ ခွက်ယော်များက ခရစ်တော်လာခြင်း၏ နိမိတ်လက္ခဏာများ၊ တရားစီရင်ခြင်း၏နိမိတ်လက္ခဏာများသာဖြစ်ကြပါသည်၊ ခရစ်တော်လာချိန်နီးလေလေ၊ သမိုင်းတိုးတက်လာလေလေ ထိုနိမိတ်လက္ခဏာများနှင့်တရားစီရင်ခြင်းများတို့သည် ပို၍ပို၍ သက်ရောက်မှု သိပ်သည်းပြင်ထန်လာလေ ဖြစ်နေကြပါသည်။

ထိုသို့ဆိုသော်လည်း ထိုနိမိတ်လက္ခဏာများသည် ခရစ်တော်၏ခြေသံတို့ထက်မကသော အဓိပ္ပါယ်ရှိနေပါသေးသည်။ ထိုနိမိတ်လက္ခဏာတို့သည် ခရစ်တော်၏လာခြင်းက ဖြစ်ပေါ်လာစေသောနိမိတ်များဖြစ်ကြပါသည်။ ရထားတစင်း လာသောအခါ၊ သူ၏လာခြင်းက အသံမျိုးစုံကိုဖြစ်စေသကဲ့သို့ဖြစ်သည်။ ထိုပအတူ ထိုနိမိတ်များသည် ခရစ်တော်ကဖြစ်ပွားစေခြင်းဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် သမိုင်းကြောင်းတခုလုံး၊ ဖန်ဆင်းခြင်းအားလုံးကို ထိန်းချုပ်ကိုင်တွယ်သူ ဖြစ်သောကြောင့်ဖြစ်သည်။ ထို့အတူ အသင်းတော်ကိုလည်း ကိုင်တွယ်ပါသည်။

အရာအားလုံးကို အစိုးရသောဘုရင်၊ အားလုံး၏သခင် အနေနှင့် ခရစ်တော်သည် ထိုအရာအားလုံးကို ဖြစ်ပျက်လာစေသူဖြစ်သည်၊ ကောင်းကင်နှင့်မြေကြီးပေါ်ရှိသမျှ ဖြစ်သမျှတို့ကို သူကသာ ကိုင်တွယ်နေပါသည် (မဿဲ ၂၈း၁၈)။ ထိုအချက်သည် ယုံကြည်သူတို့အတွက် အတော်နှစ်သိမ့်စရာကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အလိုတော်မပါဘဲ၊ ဘာတခုမှ အလိုလိုမဖြစ်နိုင်ခြင်းကို နားလည်နေကြ၍ဖြစ်သည်။ မတော်တဆဖြစ်ခြင်းတခုမှမရှိပါ၊ ခရစ်တော်က ဖြစ်ခိုင်းသည်သာ ဖြစ်ကြပါသည်။

ထိုအခါ၊ ထိုနိမိတ်များသည် ခရစ်တော်၏လက်တော်ဖြင့် ဖန်ဆင်းခြင်းတွင်၊ သမိုင်းထဲတွင် ကိုယ်တိုင်ဖြစ်နေစေသည်ကို သက်သေပြနေသောအရာများဟု တွေးလာနိုင်ပါသည်။ သူသည် ကြုံသလိုကျသလို ဘာကိုမှမလုပ်ကြောင်း ထိုနိမိတ်များက သက်သေပေးနေကြပါသည်၊ ထိုမှခြားနားစွာ တနေ့ပြီးတနေ့ အရာအားလုံးကို သူတို့အတွက်ထားရှိသော ရည်ရွယ်ချက်အတိုင်း ဖြစ်လာနေစေပါသည်။

ကျွန်တော်တို့ထံနှင့် ကျွန်တော်တို့ပတ်ဝန်းကျင်တွင် ဖြစ်နေသောအရာတို့အပေါ် ထားရှိသော ကျွန်တော်တို့အမြင်သည် အခြားသူများနှင့် မည်မျှပင်ခြားနားလိုက်ပါသနည်း? ကြောက်ရွံ့လျှက် စိတ်ဓါတ်ပျက်ပြားကြမည့်အစား၊ ကျွန်တော်တို့သည် မျှော်လင့်လျှက် စောင့်နေကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် အရာခပ်သိမ်းက သူ၏တန်ခိုးစွမ်းအားနှင့် လာခြင်းကို ပြောပြနေကြပါသည်။ စစ်ပွဲများအလယ်တွင်၊ ကပ်ဆိုက်ခြင်းများအလယ်တွင်၊ ယုံကြည်ခြင်းကိုစွန့်ပစ်နေကြခြင်းအလယ်တွင်၊ လူသားတို့၏နှလုံးသားများ ကြောက်ရွံ့မှုနှင့်ကျရှုံးနေကြချိန်တွင်၊ ကောင်းကင်၏တန်ခိုးတို့ တုန်လှုပ်နေကြချိန်တွင် ကျွန်တော်တို့သည် ခေါင်းကိုမော့

ကာ၊ အထက်သို့မျှော်ကြည့်နေကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့၏ကယ်တင်ခြင်းအချိန်သည် နီးကပ်လာ၍ဖြစ်ပါသည်(လုကာ ၂၁း၂၅–၂၈)။
(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

သုတ္တံ ၁၁း၁–၃၂ (ကျိန်းဘုရင်မှ)
၁ – မှားယွင်းသောချိန်ခွင်သည် ဘုရားသခင်ထံတွင် ရွံစရာဖြစ်သည်၊ သို့သော် ဖြောင့်မှန်သောအလေးသည် သူ၏နှစ်သက်ခြင်းဖြစ်သည်။
၂ – မာနရောက်လာသောအခါ၊ အရှက်ကွဲခြင်းလည်းရောက်လာပါသည်၊ သို့သော် နှိမ့်ချသူတို့နှင့်အတူ ဉာဏ်ပညာရှိပါသည်။
၃ – ဖြောင့်မှန်သူတို့၏တည်ကြည်မှုက ၎င်းတို့ကို လမ်းပြမည်ဖြစ်သည်၊ သို့သော် အပြစ်ကျူးလွန်သူတို့၏လမ်းလွဲခြင်းက ၎င်းတို့ကို ဖျက်ဆီးမည်ဖြစ်သည်။
၄ – ချမ်းသာခြင်းတို့က အမျက်ဒေါသနေ့တွင် ဘာကိုမှအကျိုးမပေးပါ၊ သို့သော် ဖြောင့်မတ်ခြင်းက သေခြင်းမှ ကယ်လွှတ်ပါသည်။
၅ – ပြည့်စုံသူ၏ဖြောင့်မတ်ခြင်းက သူ၏လမ်းကိုလမ်းပြလိမ့်မည်၊ သို့သော် ဆိုးညစ်သူသည် သူ၏ဆိုးညစ်ခြင်းဖြင့် ကျဆုံးမည်ဖြစ်သည်။
၆ – ပြည့်စုံသူတို့၏ဖြောင့်မှန်ခြင်းက သူတို့ကို ကယ်လွှတ်လိမ့်မည်၊ သို့သော် အပြစ်လွန်ကျူးသူတို့မှာမူ သူတို့၏ဆိုးယုတ်ခြင်းက သူတို့ကို ဒုက္ခပေးမည်ဖြစ်သည်။
၇ – ဆိုးညစ်သူ သေသောအခါ၊ သူ၏မျှော်လင့်ခြင်းသည် ပျက်စီးလိမ့်မည်၊ ထို့အတူ မဖြောင့်မတ်သောသူတို့၏ မျှော်လင့်ခြင်းသည်လည်း အရာမရောက် ပျက်သုန်းမည်ဖြစ်သည်။
၈ – ဖြောင့်မတ်သူသည် ဒုက္ခပြဿနာများမှ ကယ်ထုတ်ခြင်းခံရသည်၊ ထို့နောက် သူ့အစား ဆိုးညစ်သူဝင်လာပါသည်။
၉ – ပါးစပ်ဖြင့်ဟန်ဆောင်သူသည် သူ့အိမ်နီးချင်းကို ဖျက်ဆီးသူဖြစ်သည်၊ သို့သော် အသိပညာအားဖြင့် ဖြောင့်မတ်သူသည် ကယ်ထုတ်ခံရသည်။
၁၀ – ဖြောင့်မတ်သူတို့နှင့်အတူ အခြေအနေကောင်းကြချိန်တွင်၊ မြို့တော်သည် ပျော်ရွှင်နေပါသည်၊ ထို့နောက် ဆိုးညစ်သူတို့ ပျက်ဆီးကြသောအခါ၊ ကြွေးကြော်သံတို့ပြုကြပါသည်။
၁၁ – ဖြောင့်မှန်သူ၏ကောင်းချီးဖြင့် မြို့တော်သည် ချီးမြှောက်ခြင်းခံရပါသည်၊ သို့သော် ဆိုးညစ်သူ၏ပါးစပ်ဖြင့် မြို့တော်သည် ဖြိုဖျက်ခြင်း ခံရပါသည်။
၁၂ – ဉာဏ်ပညာမဲ့သောသူသည် မိမိအိမ်နီးချင်းကို အထင်သေးတတ်ပါသည်၊ သို့သော် နားလည်ခြင်းရှိသူကမူ တိတ်တိတ်ဆိတ်ဆိတ် နေပါသည်။
၁၃ – အတင်းပြောခြင်းကိုဖြန့်ချီသူသည် လျှို့ဝှက်ချက်များကို ဖွင့်ပြတတ်သည်၊ သို့သော် သစ္စာရှိသောဝိညာဉ်ရှိသူသည် အကြောင်းအရာကို ဖုံးအုပ်ပေးပါသည်။
၁၄ – ဆွေးနွေးအကြံပြုခြင်း မရှိသောနေရာတွင် လူထုသည် ကျဆုံးပျက်ဆီးသည်၊ သို့သော် အကြံပေးဆွေးနွေးသူ အမြောက်အများရှိသောနေရာတွင် လုံခြုံခြင်းရှိသည်။
၁၅ – သူစိမ်းတယောက်အတွက် အာမခံပေးသူသည် ၎င်းအတွက် မခံချိမခံသာဖြစ်မည်၊ အာမခံခြင်းကို မုန်းသူသည် သေချာစွာ နေရမည်။
၁၆ – ယဉ်ကျေးသိမ်မွေ့သောအမျိုးသမီးသည် ဂုဏ်ကျက်သရေကို ရရှိမည်၊ သန်မာသောယောကျ်ားတို့သည် ချမ်းသာခြင်းကို ရကြသည်။
၁၇ – ဂရုဏာရှိသူသည် မိမိဝိညာဉ်အတွက် ကောင်းခြင်းကိုပြုသူဖြစ်သည်၊ သို့သော် ရက်စက်ကြမ်းကြုတ်သူသည် မိမိအသွေးအသားကို ဒုက္ခပေးသူဖြစ်သည်။
၁၈ – ဆိုးယုတ်သူသည် လိမ်ညာခြင်းအလုပ်ကိုလုပ်သည်၊ သို့သော် ဖြောင့်မတ်ခြင်းကိုစိုက်ပျိုးသူသည် သေချာသောဆုလဒ်ကို ရလိမ့်မည်။
၁၉ – ဖြောင့်မတ်ခြင်းသည် အသက်ရှင်ခြင်းကို ရည်ရွယ်သကဲ့သို့၊ ဆိုးညစ်ခြင်းနောက်သို့လိုက်သူသည် မိမိ၏သေခြင်းနောက်သို့ လိုက်သူဖြစ်သည်။
၂၀ – ကွေ့ကောက်သောနှလုံးသားရှိသူတို့သည် ဘုရားသခင်အတွက် ရွံစရာကောင်းသူများဖြစ်သည်၊ သို့သော် မိမိတို့၏လျှောက်လှမ်းခြင်းတွင် ဖြောင့်မှန်သူများကိုမူ နှစ်သက်တော်မူသည်။
၂၁ – လက်များကိုတွဲထားကြသော်လည်း၊ ဆိုးညစ်သူတို့သည် ဒဏ်ပေးခြင်းကို မခံရဘဲ မနေပါ၊ သို့သော် ဖြောင့်မတ်သူ၏ ဆွေစဉ်မျိုးဆက်တို့မှာမူ ကယ်လွှတ်ခြင်းခံကြရမည်။
၂၂ – လှပသော်လည်း ပညာသတိမရှိသည့် အမျိုးသမီးသည်၊ ဝက်၏နှာခေါင်းတွင်ဆွဲထားသော ရွှေကွင်းသို့ဖြစ်သည်။
၂၃ – ဖြောင့်မတ်သူ တောင့်တလိုချင်သောအရာသည် ကောင်းမြတ်ခြင်းသာဖြစ်ပါသည်၊ သို့သော် ဆိုးညစ်သူ၏မျှော်လင့်ခြင်းမှာမူ အမျက်ဒေါသ ဖြစ်သည်။

၂၄ – ကျဲဖြန့်နေသောလည်း အမြဲတိုးတက်နေခြင်းရှိပါသည်၊ ထို့အတူ မတန်တဆ ဆုပ်ကိုင်ထားသော်လည်း ဆင်းရဲနေခြင်းလည်း ရှိပါသည်။
၂၅ – ရက်ရောသောဝိညာဉ်သည် ဝဖြိုးမည်ဖြစ်သည်၊ ရေလောင်းသူသည် မိမိကိုယ်ကိုထံသို့လည်း ရေလောင်းသူဖြစ်သည်။
၂၆ – ပြောင်းတို့ကို ဆုပ်ကိုင်ထိန်းသိမ်းထားသူသည် လူထု၏ကျိန်ခြင်းကိုခံရမည်၊ သို့သော် ၎င်းကို ရောင်းချသူ၏ခေါင်းပေါ်တွင် ကောင်းချီးရောက်လာမည်။
၂၇ – ကောင်းမြတ်ခြင်းကို လုံ့လဝီရိယရှိစွာရှာဖွေသူသည် မျက်နှာသာပေးခြင်းကို ရရှိမည်၊ သို့သော် ဒုက္ခပေးခြင်းကိုရှာဖွေသူသည်၊ သူ့အပေါ် ဒုက္ခရောက်လာလိမ့်မည်။
၂၈ – မိမိ၏ကြွယ်ဝချမ်းသာခြင်းတို့ကို အားကိုးယုံစားသူသည် ဆုံးရှုံးလိမ့်မည်၊ သို့သော် ဖြောင့်မတ်သူတို့မှာမူ သစ်ကိုင်းကဲ့သို့ ကြီးပွားရှင်သန်လိမ့်မည်။
၂၉ – မိမိ၏အိမ်ကို ပြဿနာဖြစ်စေသူသည် လေကိုသာ အမွေရလိမ့်မည်၊ ထို့အပြင် မိုက်မဲသူသည် နှလုံးသား၌ဉာဏ်ပညာရှိသူထံ ကျွန်ခံရလိမ့်မည်။
၃၀ – ဖြောင့်မတ်သူ၏အသီးအပွင့်သည် အသက်ရှင်ခြင်းသစ်ပင်ဖြစ်သည်၊ ထို့အပြင် ဝိညာဉ်တို့ကိုအောင်နိုင်သူသည် ဉာဏ်ပညာရှိသူဖြစ်သည်။
၃၁ – ကြည့်ပါ၊ ဖြောင့်မတ်သူသည် ကမ္ဘာပေါ်တွင် ချီးမြှင့်ခြင်းခံရမည်၊ ဆိုးညစ်သူနှင့်အပြစ်သားများဆိုလျှင် မည်မျှပို၍ ခံရမည်နည်း။

××××××××××××××××××××××

ဖေက် ၅း၁–၃၃ (ဂျိန်းဘုရင်မူ)
၁ – ထို့ကြောင့် သင်တို့သည် ချစ်လှစွာသောသားသမီးတို့ကဲ့သို့ ဘုရားသခင်အားအတုခိုးသူများ ဖြစ်ကြပါ၊
၂ – ခရစ်တော်က ငါတို့ကို ချစ်သကဲ့သို့ ချစ်ခြင်း၌လျှောက်လှမ်းကြပါ၊ သူသည် ငါတို့အတွက် မိမိကိုယ်ကိုယ် လှူဖွယ်ပစ္စည်းအနေနှင့်၎င်း၊ ယဇ်ပူဇော်ခြင်းအနေနှင့်၎င်း၊ မွှေးကြိုင်သောအနံ့အရသာအဖြစ် ဘုရားသခင်ထံ ပေးအပ်ခဲ့ပါသည်။
၃ – သို့သော် မတရားသောမေထုန်နှင့် အားလုံးသောမသန့်ရှင်းခြင်းများ (သို့) လောဘကြီးခြင်းတို့ကို သန့်ရှင်းသူများ ဖြစ်လာကြပြီဖြစ်သဖြင့် သင်တို့ကြားတွင် အမည်နှင့်ပင် မရှိစေနှင့်၊
၄ – ထို့အပြင် ညစ်ညူးခြင်း၊ မိုက်ရိုင်းသောပြောဆိုခြင်း၊ အောက်တန်းကျ ညစ်ညမ်းသောဟာသပြောဆိုခြင်း စသည့်မသင့်တော်သောအရာများကိုလည်း အမည်နှင့်ပင် မရှိစေကြနှင့်၊ ထိုမှဆန့်ကျင်စွာ ကျေးဇူးတင်ခြင်းနှင့်သက်ဆိုင်သည်များကိုသာ ပြောကြပါ။
၅ – အဘယ့်ကြောင့်ဆိုသော် မိန်းမလိုက်စားသူများ၊ မသန့်ရှင်းသူများ၊ ရုပ်တုကိုးကွယ်သူဖြစ်သော လောဘကြီးသူများသည် ဘုရားသခင်နှင့်ခရစ်တော်၏နိုင်ငံတော်တွင် မည်သည့်အမွေကိုမျှ မခံကြရသည်ကို သင်တို့သိကြပါသည်။
၆ – အချည်းနှီးသောစကားလုံးတို့ဖြင့် သင်တို့ကို မည်သူကမျှ မလှည့်စားစေနှင့်၊ အဘယ့်ကြောင့်ဆိုသော် ဤအရာများကြောင့် ဘုရားသခင်၏အမျက်ဒေါသသည် နာခံခြင်းမရှိသောသူများအပေါ်သို့ ရောက်လာခြင်းဖြစ်ပါသည်။
၇ – ထို့ကြောင့် သင်တို့သည် ထိုသူတို့နှင့်အတူ ပါဝင်ဆက်ဆံသူများမဖြစ်ကြနှင့်။
၈ – အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ယခင်အချိန်များက မှောင်မိုက်ခြင်းထဲရှိနေခဲ့ကြသည်၊ သို့သော် ယခုတွင် သင်တို့သည် သခင်ဘုရား၏အလင်းထဲ၌ ရောက်နေကြပြီဖြစ်သည်၊ အလင်း၏သားသမီးများကဲ့သို့ လျှောက်လှမ်းကြပါ၊
၉ – (အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တော်၏အသီးအပွင့်သည် အားလုံးသော ကောင်းမြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်အမှန်တရားထဲတွင် ရှိပါသည်၊)
၁၀ – မည်သည့်အရာသည် သခင်ဘုရားလက်ခံသည့်အရာဖြစ်သည်ကို စစ်ဆေးကြပါ။
၁၁ – ထို့အပြင် မှောင်မိုက်၏ အသီးအပွင့်မပေးနိုင်သောအလုပ်တို့နှင့် ပေါင်းဖော်ဆက်ဆံကြနှင့်၊ ထိုမှဆန့်ကျင်စွာ ၎င်းတို့ကို ပြစ်တင်ရှုတ်ချကြပါ။
၁၂ – အဘယ့်ကြောင့်ဆိုသော် ၎င်းတို့က လျှို့ဝှက်၍လုပ်ကိုင်သည့်ထိုအရာများကို စကားဖြင့်ပြောခြင်းကပင် ရှက်စရာကောင်းပါသည်။
၁၃ – သို့သော် သင်တို့ပြစ်တင်ရှုတ်ချကြသောထိုအရာများသည် အလင်းအားဖြင့် ပေါ်လွင်ထင်ရှားအောင် ပေါ်ထွက်ခြင်းခံရဦးမည်ဖြစ်သည်။
၁၄ – ထို့အတွက်ကြောင့် "အိပ်နေသူ နိုးပါတော့၊ သေခြင်းမှ ထပါတော့၊ ခရစ်တော်က သင့်ကို အလင်းပေးလိမ့်မည်"ဟု သူက ပြောခဲ့ခြင်းဖြစ်သည်။
၁၅ – ထို့သို့မြင်နေရသဖြင့် သင်တို့သည် သတိထားစွာ လျှောက်လှမ်းကြပါ၊ လူမိုက်များကဲ့သို့မဟုတ်၊ ပညာရှိများကဲ့သို့ လျှောက်လှမ်းကြပါ၊
၁၆ – အချိန်ကို တန်ဖိုးထားကြပါ၊ အဘယ့်ကြောင့်ဆိုသော နေ့ရက်တို့သည် ဆိုးညစ်ကြသောကြောင့်ဖြစ်သည်။
၁၇ – ထို့ကြောင့် သင်တို့သည် ပညာမရှိသူများမဖြစ်ကြနှင့်၊ ထိုမှဆန့်ကျင်စွာ သခင်ဘုရား၏အလိုတော်သည် မည်သည်တို့ဖြစ်ကြောင်း နားလည်ကြပါ။
၁၈ – ဝိုင်သောက်၍မူးမနေကြနှင့်၊ အလွန်အကျွံ မဖြစ်ကြနှင့်၊ ထိုမှဆန့်ကျင်စွာ ဝိညာဉ်တော်နှင့်ပြည့်ကြပါ၊

၁၉ – သင်တို့ကိုယ်သင်တို့ ဆာလံများဖြင့်၄င်း၊ ဓမ္မသီချင်းများဖြင့်၄င်း၊ ဝိညာဉ်ရေးရာသီချင်းများဖြင့်၄င်း သီဆိုကာ ပြောဆိုကြပါ၊ သင်တို့၏နှလုံးသားများတွင် သခင်ဘုရားထံသို့ သာယာသောတေးသွားများကို ကျူးကြေပါ၊

၂၀ – ဘုရားသခင်ထံ အရာခပ်သိမ်းအတွက် အမြဲတမ်း ကျေးဇူးတင်ကြပါ၊ သူသည် ငါတို့သခင်ယေရှုခရစ်၏နာမည်၌ ဖခင်လည်း ဖြစ်ပါသည်၊

၂၁ – ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်း၌ သင်တို့သည် မိမိတို့ကိုယ်ကိုယ် တဦးနှင့်တဦးထံသို့ နာခံကြပါ။

၂၂ – ဇနီးသည်တို့၊ သင်တို့ကိုယ်သင်တို့ သင်တို့၏ခင်ပွန်းသည်တို့ထံ နာခံကြပါ၊ ခရစ်တော်ကို နာခံကြသကဲ့သို့ ဖြစ်သည်။

၂၃ – အဘယ့်ကြောင့်ဆိုသော် ခင်ပွန်းသည် ဇနီး၏ဦးခေါင်းဖြစ်ပါသည်၊ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်း ဖြစ်သကဲ့သို့ဖြစ်သည်၊ သူသည် သူ့ကိုယ်ခန္ဓာ၏ကယ်တင်ရှင်လည်းဖြစ်ပါသည်။

၂၄ – ထို့အကြောင့် အသင်းတော်က ခရစ်တော်ကို လိုက်နာသကဲ့သို့၊ ထိုသို့ပင် ဇနီးများကလည်း မိမိတို့ခင်ပွန်းသည်များကို အရာအားလုံး၌ နာခံကြပါ။

၂၅ – ခင်ပွန်းသည်တို့၊ သင်တို့ဇနီးများကို ချစ်ကြပါ၊ ခရစ်တော်က အသင်းတော်ကိုချစ်သကဲ့သို့ဖြစ်သည်၊ သူသည် အသင်းတော်အတွက် မိမိကိုယ်ကိုယ် ပေးအပ်ခဲ့ပါသည်၊

၂၆ – ထိုသို့ဖြင့် သူသည် အသင်းတော်ကို နှုတ်ကပတ်တော်ရေဖြင့် ဆေးကြောကာ သန့်ရှင်းစေလျှက်၊ စင်ကြယ်စေမည်ဖြစ်သည်၊

၂၇ – ထိုသို့ဖြင့် သူသည် မိမိကိုယ်ကိုယ်ထံ ဂုဏ်ကျက်သရေပြည့်ဝသောအသင်းတော်ကို ပေးအပ်နိုင်မည်ဖြစ်သည်၊ အစက်အပြောက် မရှိသော၊ (သို့) ပါးရေနားရေတွန့်ခြင်းမရှိသော၊ (သို့) ထိုသို့သောအနာအဆာများမရှိသော အသင်းတော်ဖြစ်မည်၊ ထိုသို့ဖြင့် အသင်းတော်သည် သန့်ရှင်းလျှက်၊ အပြစ်အနာအဆာမရှိဘဲ ဖြစ်ပါမည်။

၂၈ – ထိုသို့ပင် ခင်ပွန်းသည်တို့ကလည်း မိမိတို့ဇနီးများကို၊ မိမိတို့ကိုယ်ခန္ဓာများအဖြစ် ချစ်သင့်ကြပါသည်။ မိမိဇနီးကို ချစ်သူသည် မိမိကိုယ်ကိုယ် ချစ်သူဖြစ်ပါသည်။

၂၉ – အဘယ့်ကြောင့်ဆိုသော် မည်သူကမျှ မိမိ၏အသွေးအသားကို မုန်းသူမရှိပါ၊ သို့သော် ကျွေးမွေးကြသည်၊ ချစ်ခင်မြတ်နိုးကြပါသည်၊ သခင်ဘုရားက အသင်းတော်ကို ချစ်ခင်မြတ်နိုးသကဲ့သို့ဖြစ်သည်၊

၃၀ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သူ့ကိုယ်ခန္ဓာ၏အင်္ဂါများဖြစ်ကြသည်၊ သူ၏အသွေးအသား၊ သူ၏အရိုးများ ဖြစ်ကြပါသည်။

၃၁ – အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းကြောင့် ယောကျ်ားသည် သူ၏ဖခင်နှင့်မိခင်ကို စွန့်ခွာကာ၊ သူ၏ဇနီးနှင့်ပူးပေါင်းလိမ့်မည်၊ ထို့နောက် သူတို့နှစ်ဦးသည် အသွေးအသားတခု ဖြစ်လာကြပါလိမ့်မည်။

၃၂ – ဤအရာသည် ကြီးသောနက်နဲခြင်းဖြစ်သည်၊ သို့သော် ငါသည် ခရစ်တော်နှင့်အသင်းတော်တို့၏သက်ဆိုင်မှုကို ပြောခြင်းဖြစ်သည်။

၃၃ – မည်သို့ပင်ဖြစ်ပါစေ၊ သင်တို့ထဲမှတယောက်တိုင်းက မိမိဇနီးကိုချစ်ပါ၊ သူ့ကိုယ်သူချစ်သကဲ့သို့ ချစ်ပါ၊ ဇနီးကလည်း မိမိခင်ပွန်းသည်ကို လေးစားဖို့ ဂရုပြုပါ။

++++++++++++++++++++++++++++

**သခင်ဘုရား၏နေ့ (၁၂)**

၃၁။ သူ့ကို အဘယ်ကြောင့် ဘိသိက်ပေးခြင်းခံရသူဟုအဓိပ္ပါယ်ရသည့် သခင်ခရစ်တော်ဟုခေါ်ပါသနည်း?

အဘယ်ကြောင့်ဆိုသော် သူ့အား ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ လျှို့ဝှက်သော အလိုတော်နှင့်အကြံအစည်တော်ကို ကျွန်ုပ်တို့ထံ ပြည့်ဝစွာဖွင့်ပြမည့် ကျွန်ုပ်တို့၏ အရေးပါဆုံးပရောဖက်နှင့်ဆရာ ဖြစ်လာရန်၊ မိမိခန္ဓာကိုယ်ကို တကြိမ်ယဇ်ပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့ကိုကယ်တင်လျှက်၊ ခမည်းတော်ထံ၌ ကျွန်ုပ်တို့အ တွက် အမြဲမပြတ်ဆုတောင်းပေးသူ၊ ကျွန်ုပ်တို့၏တပါးတည်းသော ယဇ်ပုရောဟိတ်မင်း ဖြစ်လာရန်၊ ကျွန်ုပ်တို့အား သူ၏ နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်ဖြင့် အုပ်စိုးလျှက်၊ ကာကွယ်ပေးလျှက်၊ ကျွန်ုပ်တို့အတွက် သူဝယ်ပေးသော ကယ်တင်ခြင်း၏ သာယာကြည်နူးမှုအတွင်း၌ စောင့်ရှောက်ထိန်းသိမ်းသူ ကျွန်ုပ်တို့၏ထာဝရရှင်ဘုရင် ဖြစ်လာရန် ခမည်းတော်ဘုရားသခင်ကခန့်အပ်၍၊ သန့်ရှင်းသောဝိညာဉ်တော်နှင့် ဘိသိက်ပေးသောကြောင့်ဖြစ်ပါသည်။

(ဟေဗြဲ ၁း၉၊ တရား ၁၆း၁၈၊ တမန် ၃း၂၂၊ ယော ၁း၁၈၊ ၁၅း၁၅၊ မဿဲ ၁၁း၂၇၊ ဆာလံ ၁၁း၄၊ ဟေဗြဲ ၇း၂၁၊ ၁၀း၁၄၊ ရော ၈း ၃၄၊ ဆာလံ ၂း၆၊ လု ၁း၃၃၊ မဿဲ ၂၈း၁၈၊ ယော ၁၀း၂၈)

၃၂။ သင့်အား အဘယ်ကြောင့် ခရစ်ယာန်ဟုခေါ်ပါသနည်း?

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ယုံကြည်ခြင်းအားဖြင့် သူ၏အင်္ဂါဖြစ်သော ကြောင့်ဖြစ်သည်။ ထို့ ကြောင့် ကျွန်ုပ်သည် သူ၏ဘိသိတ်ပေးခြင်းကို ပါဝင်ဆက်ဆံရသူဖြစ်သည်။ ထိုသို့ဖြင့် ကျွန်ုပ်သည် သူ၏အမည်ကို ဝန်ခံမည်၊ မိမိကိုယ်ကို ကျေးဇူးတင်ခြင်း၏အသက်ရှင်သောယဇ်အဖြစ် သူ့ထံ ဆက်ကပ်မည်၊ ထို့အတူ လွတ်လပ် သော ကောင်းမြတ်သောသြတ္တပ္ပစိတ်ဖြင့် အပြစ်နှင့်စာတန်ကို ယှဉ်ဘဝ၌ တိုက်ခိုက်မည်၊ ထို့နောက်တွင် သူနှင့်အတူ ဖန်ဆင်းခံအားလုံးကို ထာဝရအုပ်စိုးပါမည်။ (၁ကော ၆း၁၅၊ ၁ယော ၂း၂၇၊ ယောလ ၂း၂၈၊ မဿဲ ၁၀း၃၂၊ ရော ၁၂း၁၊ ဖေက် ၆း၁၁–၁၂၊ ၁တိ ၁း၁၈–၁၉၊ ၂တိ ၂း၁၂)

××××××××××××××××××××××××××××××××××××××

**သူပါးတဆူဘုရားသခင်ပြောသည့်အတိုင်း**

## အသက်ကိုတန်ဖိုးထားသောခရစ်ယာန်တို့၏ကိုယ်ကျင့်တရားတည်ဆောက်ပုံ

ဆဋ္ဌမပညတ်တော် – သင်သည် သူများကို မသတ်ရ။

➤အသက်ဆိုတဲ့အရာကို ဘုရားသခင်ကဘဲ ဖန်ဆင်းတာဖြစ်ပါတယ်။ ဘယ်သူမှလုပ်လို့မရပါ၊ ဒါ့ကြောင့် ခရစ်ယာန်ကိုယ်ကျင့်တရားဟာ အသက်ကိုတန်ဖိုးထားတဲ့ကိုယ်ကျင့်တရားဖြစ်ပါတယ်။ အသက်မှန်သမျှဟာ တန်ဖိုးကြီးလှပါတယ်။ ဥပမာ သစ်ပင်ကိုဘဲကြည့်ပါ၊ အပင်တပင်ဖြစ်လာဖို့ အကြောင်းမျိုးစုံလိုအပ်သလို၊ အချိန်အတော်ကြာကြာလိုအပ်ပါတယ်။ ဒါပေမဲ့ အဲဒီအပင်ကိုဖျက်ဆီးလိုက်ရင်ခဏလေးဘဲကြာပါတယ်။ တိရိစ္ဆာန်တွေဆိုရင် မသေချင်ကြပါဘူး။ ဒါ့ကြောင့် သူတို့ကိုသတ်ရင် ပြေးလွှားနေကြတာပေါ့။ လူဆိုရင်ပိုဆိုးပါတယ်။ လူတယောက်သေဖို့ကိစ္စကို ဘယ်သူကမှ ပေါ့ပေါ့ကလေးမစဉ်းစားကြပါဘူး။ ချွင်းချက်အနေနဲ့ကတော့၊ ကွန်မြူနစ်တွေ၊ စစ်အာဏာရှင်တွေ၊ အာဏာရှင်တွေကတော့ လုံးဝအလေးမထားကြဘူး။ ဒါပေမဲ့ သူတို့သေမဲ့ကလှဲ့ကျရင်တော့၊ ကြောက်ချီးပါနေတတ်ကြပြန်ပါတယ်။ ဥပမာ – စာဒန်ဟူစိန်(အီရတ်အာဏာရှင်)၊ ကဒါဖီ(လစ်ဗျားအာဏာရှင်)။

ကျွန်တော်တို့ခရစ်ယာန်တွေကတော့ ဘုရားသခင့်ပညတ်တော်ရှိလို့ အသက်ကိုတန်ဖိုးထားကြပါတယ်။ ဒီတော့ လူ့အသက်သတ်ခြင်းအားလုံးဟာ မကောင်းတာလားဆိုတာကို အရင်မေးရပါမယ်။ ဥပမာ – ကမ္ဘာစစ်ကြီးဖြစ်ရင် အားလုံးစစ်ထဲဝင်ရတယ်။ စစ်ပွဲမှာ ကိုယ်နဲ့မတွေ့ဘူး၊ မသိဘူးသူတွေနဲ့ သတ်ဖြတ်ဖို့တိုက်ပွဲဝင်ရတယ်။ ဟိုဖက်ဒီဖက် ပစ်ကြခတ်ကြနဲ့၊ ကိုယ့်ကျည်ဆံ ဘယ်သူ့ကိုထိလို့ထိမှန်းမသိဘဲ ပစ်ကြတယ်။ သေကြတယ်။ ဒါကို လူသတ်သမားလို့ စစ်သားတယောက်ကို စွပ်စွဲမှာလား? နောက်ဥပမာတခုကိုကြည့်ရအောင် – လူသတ်သမားတယယောက်ကို သေစားသေစေ ပြစ်ဒါဏ်ချမှတ်တဲ့ တရားသူကြီးကို လူသတ်သမားလို့ ပြောလို့ ရပ့ါမလား? တရားရုံးက သေဒါဏ်ချမှတ်ခံရသူကို ကြိုးတိုက်မှာ ကြိုးပေးရတဲ့ အမှုထမ်းတွေကို လူသတ်သမားလို့ ပြောလို့ရပါ့မလား? ဒါ့ကြောင့် ဒီပညတ်တော်မှာ စဉ်းစားရမှာတွေများလာပါတယ်။ ဘယ်လိုဟာမျိုးကို တားမြစ်သလဲ? ဘယ်လိုဟာမျိုးကို လုပ်စေချင်သလဲ? ဒါတွေကို ကျွန်တော်တို့ကြည့်ရပါမယ်။

### လူသတ်မှုဆိုသည်မှာ

ပြဿနာဖြစ်ကြပြီး လူသေတိုင်း လူသတ်မှုမဟုတ်ပါဘူး။ အိမ်မှာ ဓါးပြတယောက်ဝင်လာမယ်။ မိသားစုကိုအားလုံးသတ်မယ်၊ ပစ္စည်းအားလုံးယူမယ်။ မိန်းမနဲ့ သမီးတွေကို မုဒိန်းကျင့်ဦးမယ်၊ ဒါဆိုရင် အဲဒီဓါးပြကို ခုခံရင်း ဓါးပြသေသွားရင် လူသတ် ခြင်းမဟုတ်ပါဘူး။ မိမိကိုယ်ကို ကာကွယ်ခြင်း၊ အပြစ်မဲ့မိသားစုကိုကာကွယ်ခြင်းဖြစ်တယ်။ ဒီလိုဘဲ ဥပဒေကို ဖြောင့်မှန်စွာကျင့်သုံးတဲ့တိုင်းပြည်တိုင်းက ဆုံးဖြတ်ပါတယ်။ ငွေများအမှုနိုင်၊ အာဏာရှင်တိုင်းပြည်တွေမှာတော့ ရဲတွေက လုပ်စားချင်တာကြောင့် အမှုကပြောင်းကပြန်ဖြစ်နိုင်ပေမဲ့၊ တကယ့်သမာသမတ်ရှိတဲ့တိုင်းပြည်မှာတော့ အဲဒီလိုမဟုတ်ပါဘူး။

လူတဦးကို ကြည့်မရလို့၊ မနာလိုလို့၊ သူပိုင်တခုခုကို လုယူချင်လို့ ရည်ရွယ်ချက်ရှိရှိ၊ ကိုယ်ကိုတိုင်ကဖြစ်ဖြစ်၊ တခြားတစုံတဦးကို ခိုင်းလို့ဘဲဖြစ်စေ၊ သတ်ဖြတ်တာဟာ ဘုရားသခင်ပြောတဲ့ လူ့အသက်သတ်ခြင်းဖြစ်ပါတယ်။ ဒါကို ကျမ်းစာမှာ ဥပမာတွေပေးထားပါတယ်။ ပထမ ကာဣနနဲ့အာဗေလတို့အဖြစ်အပျက်ကိုကြည့်ပါ။ ကာဣနက အာဗေလကိုသတ်တာ မနာလိုလို့ဖြစ်တယ်။ ကိုယ်တိုင်သတ်တာဖြစ်တယ်။ ဒါဟာ မကောင်းမှုဘဲဖြစ်တယ်။ ဒုတိယကတော့ ဒါဝိတ်မင်းကြီးက ဥရိယကို သူ့ဇနီးကိုလိုချင်လို့ စစ်တိုက်တဲ့နေရာမှာ ရန်သူတွေလက်ထဲ မကျကျအောင် စစ်သူကြီးကိုဖန်တီးခိုင်းတာ။ အဲဒီစစ်သား သေသွားပါတယ်။ ဒါဝိတ်က တိုက်ရိုက် ကိုယ်တိုင်သတ်တာမဟုတ်ပါဘူး၊ တခြားသူကို သတ်ခိုင်းတာဖြစ်တယ်။ ဒါပေမဲ့ သူသတ်တာလို့ ဘုရားသခင်က ပရောဖက် နေသန်အားဖြင့် ပြောပါတယ်။ နောက်အများကြီးတွေ့ရပေမဲ့ ဒီနှစ်ခုနဲ့လုံလောက်ပါပြီ။

ဒါ့ကြောင့် လူသတ်မှုကျူးလွန်ခြင်းဟာမကောင်းပါ၊ ဒါ့ကြောင့် ကိုယ်ကိုကိုယ်မသတ်ရပါ။ အဲဒါလဲ လူသတ်ခြင်းဖြစ်ပါ တယ်။ သူများကိုသတ်သလိုပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ သူများအသက်ကို ဘုရားခင်ကဖန်ဆင်းသလို၊ ကိုယ့်အသက်ကိုလည်း ဘုရားသခင်ကဘဲ ဖန်ဆင်းထားပါတယ်။ မိမိကိုယ်ကိုသတ်သေသူ ဘယ်သူမှ ကောင်းကင်နိုင်ငံမရောက်ပါ။ ဒါ့ကြောင့် စိတ်ညစ်လို့ သတ်မသေပါနဲ့၊ ရှက်လို့ သတ်မသေပါနဲ့၊ ပြဿနာမရင်ဆိုင်ရဲလို့ သတ်မသေပါနဲ့။ ခရစ်ယာန်ဟာ အသက်ကို တန်ဖိုးထားပါတယ်။ အဲဒီနေရာမှာ ကိုယ့်အသက်လဲ ပါပါတယ်။

လူငယ်တွေ စွန့်စားချင်ကြတယ်။ ဟိုးတိုက်အမြင့်ကြီးပေါ်ကနေ၊ စုန်ချပြတာတို့၊ ဘာမှမပါဘဲ တွယ်တက်ပြတာတို့ကို လုပ်တတ်ကြတယ်။ ဒါတွေကို ဘာကြောင့်လုပ်ကြသလဲဆိုတော့၊ နာမည်ကြီးချင်လို့ဖြစ်တယ်။ နာမည်ကြီးချင်လိုက်ကြတာ ကိုယ့်အသက် တောင်မနှမြောကြတော့ဘူး။ ဒါမျိုးဘုရားသခင်က မလုပ်စေချင်ပါဘူး။

ဒါ့ကြောင့် မိမိကိုယ်ကို ဒုက္ခရောက်စေတဲ့အကြောင်းအရာတွေဖြစ်တဲ့၊ အန္တရာယ်ကြီးသောနေရာတွေမှာ တမင်သက်သက် မကြောက်ပါဘူးကွာဆိုပြီးနေပြတာမျိုးတွေ၊ စက်ဘီးလက်လွှတ်စီးတာ၊ နောက်ပြန်စီးပြတာ၊ အပြိုင်မောင်းကြတာတွေ ခရစ်ယာန်က မလုပ်ပါဘူး။ ဒါ့ကြောင့် မော်တော်ဆိုင်ကယ်မောင်းပြိုင်တာ၊ ကားမောင်းပြိုင်တာ၊ တယောက်နဲ့တယောက် မခံချင်အောင်ပြောပြီး ကိုယ်မမနိုင်တဲ့ အင်မတန်လေးတဲ့ဟာတွေကိုမပြတာ။ ဒါတွေအားလုံး ဘုရားသခင်က လူသတ်မှုထဲမှာထည့်ပါတယ်။ လူဟာ အာဒံနဲ့ဧဝအပြစ်ထဲကျပြီးနောက်ပိုင်းမှာ အဲဒီလိုမခံချင်စိတ်တွေကို အလွဲသုံးလာပါတယ်။ ဒါ့ကြောင့် မဖြစ်သင့်တာတွေဖြစ်ပြီး ဒုက္ခမျိုးစုံ တွေ့ကြရပါတယ်။

စားတဲ့အခါမှာလည်း ဒီလိုဘဲ ဂရုတစိုက်စားသောက်ရမှာဖြစ်တယ်။ ကိုယ့်အတွက် အန္တရာယ်ရှိတာတွေကို စားရဲတယ်ဆိုတဲ့ပုံစံမျိုးနဲ့မစားရ မသောက်ရပါဘူး။ ဥပမာ – ငါးပူတင်းသား စားတာမျိုးပေါ့။ အဲဒီငါးမှာအဆိပ်ရှိတာကိုသိလျှက်၊ တချို့က အရဲစွန့်ပြီး စားချင်ကြတယ်။ အစားအသောက်မှာစည်းကမ်းရှိရပါမယ်။ အရက်ဟာ ကြောက်စရာမဟုတ်ပါ၊ ဒါပေမဲ့ သေလောက်အောင် စွဲဖို့ မသောက်သင့်ပါ။ ချင့်ချိန်ပြီးသုံးတတ်ရပါမယ်။ ဆေးလိပ်၊ ကွမ်းယာ ဘုရားဖန်ဆင်းထားတဲ့အရာတွေနဲ့လုပ်ထားတာ၊ ဘာမှ

ကြောက်စရာမဟုတ်ပါ။ ဒါပေမဲ့ ကိုယ့်မှာရောဂါရတဲ့အထိ အလွန်အကျွံသုံးတာမလုပ်သင့်ပါ။

**အသက်ကိုတန်ဖိုးထားခြင်း**

ပထမအနေနဲ့ ခရစ်တော်အတွက်တောင် သေဖို့မရှာရပါဘူး။ မာတုရ(အာဇာနည်)အနေနဲ့ယုံကြည်ခြင်းအတွက် အသေခံမယ်ဆိုပြီး၊ တချို့ခရစ်ယာန်တွေ သေချင်ကြပါတယ်။ အသဲအသန် အဲဒီလိုသေနိုင်မဲ့နေရာ ရှာကြပါတယ်။ ဒါဟာ အရူးထခြင်းတမျိုးပါဘဲ။ တမန်တော်တွေ အမြဲတမ်း ပြေးကြပါတယ်။ နောက်ဆုံး ဘုရားသခင်က တော်ပြီပြောမှ မာတုရ(အာဇာနည်)အနေနဲ့သေကြတာဖြစ်တယ်။

ကိုယ်နဲ့ပတ်သက်သူအားလုံး အကောင်းဆုံးအသက်ရှင်နိုင်ကြဖို့ ကျွန်တော်တို့ လုပ်နိုင်သလောက်ကို လုပ်ပေးလျှက်၊ အသက်ရှင်ကြရမှာဖြစ်တယ်။ တကိုယ်ကောင်းမဆန်ဘဲ၊ မိမိကိုယ်ကိုနဲ့အိမ်နီးချင်းကို စောင့်ရှောက်ရပါမယ်။ (ဆရာဆန်ကျဲ)